KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဖေဖော်ဝါရီလ ၂၅ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ် - 24-270-I1

တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ထောတထူမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားလေးဦးသေဆုံးပြီး (၁၅) နှစ်အရွယ်က လေးတစ်ဦးအပါအဝင် နှစ်ဦးဒဏ်ရာရရှိ (၂၀၂၄ ခုနှစ်၊ မေလ)

ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၄ ခုနှစ်၊ မေလအတွင်း တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်တွင် ဖြစ်ပွားခဲ့သော လက်နက်ကြီးပစ်ခတ်မှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ (ထောတထူမြို့နယ်၊ ဧရပ်ကြီးမြို့တွင်အခြေစိုက်သော) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၇၃) တပ်စခန်းမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် လက်နက်ကြီးနှစ်လုံးပစ်ခတ်ပြီး ထိုလက်နက်ကြီးနှစ်လုံးသည် ဧရပ်ကြီးတောင်ခြမ်းဒေသရှိ ဧ--- ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ပထမလက်နက်ကြီးတစ်လုံးပေါက်ကွဲမှုတွင် ဧ--- ကျေးရွာမှ အသက် (၃၅) နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ မောင်ပ---ကို ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ ရွာသားအိမ်အချို့လည်း ထိခိုက်ပျက်စီးသွားပြီး နွားနှစ်ကောင်ကိုလည်း ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဒုတိယလက်နက်ကြီးတစ်လုံးပေါက်ကွဲမှုတွင် မိသားစုတစ်စုနေထိုင်သည့်အိမ်တစ်လုံးကို ထိမှန်ခဲ့ပြီး ထိုမိသားစုဝင်လေးဦးသေဆုံးခဲ့သည်။ အသက် (၂၀)နှစ်အရွယ် မန---သည် လက်နက်ကြီးထိမှန်ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။ အသက် (၅၀) နှစ်အရွယ် ဦးဃ---သည် လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိပြီး ဆေးရုံသို့ပို့ဆောင်သည့်အချိန်တွင် သေဆုံးသွားခဲ့သည်။ အသက် (၅၄)နှစ်အရွယ် ဒေါ်လ---နှင့် အသက် (၇၉)နှစ်အရွယ် ဦးဂ---တို့သည် လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိပြီး ဆေးရုံသို့ရောက်ရှိပြီးနောက်တွင် သေဆုံးသွားခဲ့သည်။ အဆိုပါမိသားစုဝင်နှစ်ဦးဖြစ်သော အသက် (၅၀) နှစ်အရွယ် ဦးဒ--- နှင့် အသက် (၁၅) နှစ်ရွယ် မောင်တ--- တို့သည်လည်း အခင်းဖြစ်ပွားသည့်အချိန်တွင် အိမ်ထဲတွင်ရှိနေခဲ့သည်။ သို့သော် မောင်တ---တစ်ဦးတည်းသာ ထိမှန်ပြီး ၎င်းခြေဖနောင့်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ဤသို့လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားများသည် စိတ်ဒဏ်ရာရရှိခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်းနှင့် လုံခြုံမှုမရှိခြင်းစသည့်အခြေအနေများနှင့်ကြုံတွေ့ခံစားနေရသည်။ [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော တောအူး (တောင်ငူ) ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

အခင်းဖြစ်ပွားမှုအမျိုးအစား	SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားလေးဦးသေဆုံးပြီး ဆက်ကျော်သက်တစ်ဦးအပါအဝင် နှစ်ဦးဒဏ်ရာရရှိ
အခင်းဖြစ်ပွားသည့်နေ့ရက်	၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့
အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)	တောအူး(တောင်ဂူ)ခရိုင်၊ ထောတထူ(ထန်းတပင်)မြို့နယ်၊ ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ

သေဆုံးသွားသည့်ရွာသားများ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ				
အမည်	ဦးဂ---	ဦးဃ---	ဒေါ်လ---	မန---
အသက်	၇၉ နှစ်	၅၀ နှစ်	၅၄ နှစ်	၂၀ နှစ်
ကျား/မ	ကျား	ကျား	မ	မ
လူမျိုး	ဗမာ	ဗမာ	ဗမာ	ဗမာ
အိမ်ထောင် ရှိ/မရှိ	ရှိ	မရှိ	ရှိ	မရှိ
အလုပ်အကိုင်	မသိရှိရ	လယ်ယာ	စျေးရောင်း	မသိရှိရ
ကိုးကွယ်သည့် ဘာသာ	ဗုဒ္ဓဘာသာ	ဗုဒ္ဓဘာသာ	ဗုဒ္ဓဘာသာ	ဗုဒ္ဓဘာသာ
ရာထူးအဆင့်	မသိရှိရ	မသိရှိရ	မသိရှိရ	မသိရှိရ
နေရပ် ရွာအမည်	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ

ဒဏ်ရာရရှိသည့်ရွာသားများ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ		
အမည်	မောင်တ---	မောင်ပ---
အသက်	၁၅ နှစ်	၃၅ နှစ်
ကျား/မ	ကျား	ကျား
လူမျိုး	ဗမာ	ဗမာ
အိမ်ထောင် ရှိ/မရှိ	မရှိ	မရှိ
အလုပ်အကိုင်	-	လယ်ယာ
ကိုးကွယ်သည့် ဘာသာ	ဗုဒ္ဓဘာသာ	ဗုဒ္ဓဘာသာ
ရာထူးအဆင့်	-	-
နေရပ် ရွာအမည်	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ	ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဇ--- ကျေးရွာ

ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ				
အမည်	ရာထူး	စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ	အခြေစိုက်သည့်နေရာဒေသ	အထက်အရာရှိအမည်
မသိရှိရ	မသိရှိရ	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၇၃)	ထောတထူမြို့နယ်၊ ဧရပ်ကြီးမြို့	မသိရှိရ

အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။

ဤသတင်းအကြောင်းအရာများနှင့်ပတ်သက်၍ အချက်အလက်များအသေးစိတ်ရရှိရန်အတွက် KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ (ဧရပ်ကြီးတောင်ခြမ်းဒေသ၊ ဧ--- ကျေးရွာ) ရွာသားတစ်ဦး၏အကူအညီဖြင့် (ရွာသားနှစ်ဦးကို) သွားရောက်တွေ့ဆုံ၍ မေးမြန်းပြုစုခဲ့သည်။ KHRG ကွင်းဆင်းလုပ်သားသည် နစ်နာသူမိသားစု၏ဆွေမျိုးတော်စပ်သူတစ်ဦးဖြစ်သော အသက် (၆၀)နှစ်အရွယ် ဦးသ--- နှင့် ဧ--- ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သော အသက် (၅၀) နှစ်အရွယ် ဦးဖ---တို့အား ကျေးရွာအတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုအကြောင်းကို မေးမြန်းခဲ့သည်။ (ပထမလက်နက်ကြီးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်သောအကြောင်းအရာများကို ပို၍မှန်ကန်တိကျစေရန်အတွက် KHRG ကွင်းဆင်းလုပ်သားသည် ဧ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ ဦးယ---ကိုလည်း မေးမြန်းခဲ့ပါသည်။)

(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။

ဦးသ---သည် နစ်နာသူမိသားစုနှင့်ဆွေမျိုးတော်စပ်သူတစ်ဦးဖြစ်သလို ထိုမိသားစုနှင့်အိမ်ချင်းကပ်လျက် နေထိုင်သည့်အတွက်ကြောင့် အခင်းဖြစ်စဉ်ကို မျက်မြင်ကြုံတွေ့ရသူလည်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖ---သည်လည်း အခင်းဖြစ်ပွားသည့်နေရာကို သွားရောက်ကြည့်ရှု၍ နစ်နာသူမိသားစုကို ကူညီပေးခဲ့သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဤသတင်းအကြောင်းအရာသည် မှန်ကန်ကြောင်း KHRG ကွင်းဆင်းလုပ်သားတစ်ဦးအနေဖြင့် အတည်ပြုလိုပါသည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲပြီးခဏအကြာတွင် ဦးသ---သည် ၎င်းတူဖြစ်သည့်ဦးဃ---၏အကူအညီအော်တောင်းသည့်အသံကိုကြားရခဲ့ပြီးနောက် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာကို ရောက်ရှိသည့်အချိန်တွင် လက်နက်ကြီးစထိမှန်ပြီး လဲကျနေသော လူ (၄) ဦးကို ဦးသ---မြင်တွေ့ခဲ့သည်။ ထိုအထဲတွင် ဦးဃ---တစ်ဦးသာ သေဆုံးနိုင်သည့်ဒဏ်ရာများဖြင့် အကူအညီအော်တောင်းခဲ့သည်။ ဦးဃ---သည်လည်း ဆေးရုံသို့မရောက်မီ သေဆုံးသွားခဲ့ကြောင်းသိရှိရသည်။ ဦးသ---သည် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားသည့်သူ၏မိသားစုဝင်လေးဦး၏အလောင်းကိုမြင်တွေ့ရပြီးနောက် စိတ်ထိခိုက်၍ ဝမ်းနည်းနေရကြောင်း ၎င်းကပြောပြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖ---သည် အဆိုပါမိသားစုဝင်လေးဦးသည် လက်နက်ကြီးစထိမှန်ပြီး သေဆုံးသွားခဲ့ကြောင်း အတည်ပြုခဲ့သည်။ (ဧ---ကျေးရွာမှ ဦးယ---သည်လည်း ပထမလက်နက်ကြီးပေါက်ကွဲမှုဖြစ်စဉ်ကို မြင်တွေ့ခဲ့သူတစ်ဦးဖြစ်သည်။)

အဆင့် ၃- အခင်းဖြစ်ပွားပုံ

အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။

၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက် ည (၁၀) နာရီဝန်းကျင်၌ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဇရပ်ကြီးမြို့တွင် အခြေစိုက်သော ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၇၃) တပ်စခန်းမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် ထောတထူမြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းဒေသရှိ ဇ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးနှစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်မဖြစ်ပွားမီတွင် ထိုဒေသအတွင်းတိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ပေ။ လက်နက်ကြီးနှစ်လုံးသည် ကျေးရွာထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ပထမလက်နက်ကြီးတစ်လုံးပေါက်ကွဲမှုတွင် အသက် (၃၅) နှစ်အရွယ်ရှိသော ရွာသားတစ်ဦးဖြစ်သူ မောင်ပ--- အား ထိမှန်၍ ၎င်း၏ခြေထောက်နှင့်လက်မှာ ဒဏ်ရာရရှိခဲ့သည်။ မောင်ပ---သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး လယ်ယာလုပ်ကိုင်၍ အသက်မွေးဝမ်းပြုကျောင်းပြုသူတစ်ဦးဖြစ်သည်။ ထို့အပြင် ပထမလက်နက်ကြီးတစ်လုံးပေါက်ကွဲမှုကြောင့် နွားနှစ်ကောင်ဒဏ်ရာရရှိပြီး အနီးအနားရှိ လူနေအိမ်တစ်ချို့ကိုလည်း ထိမှန်၍ အိမ်တွင်းပစ္စည်းများပျက်စီးသွားခဲ့သည်။

ဒုတိယလက်နက်ကြီးတစ်လုံးပေါက်ကွဲမှုတွင် အနီးနားရှိအိမ်တစ်လုံးကို ထိမှန်ပြီး မိသားဝင်လေးဦးသေဆုံးခဲ့သည်။ အဆိုပါအိမ်ထဲတွင် မိသားစုဝင်ခြောက်ဦးရှိနေခဲ့သည်။ ဒုတိယလက်နက်ကြီးပေါက်ကွဲမှုတွင် မိသားဝင်ငါးဦးကို ထိမှန်ခဲ့သည်။ သို့သော် လေးဦးမှာ သေဆုံးသွားခဲ့သည်။ လက်နက်ကြီးသည် ထိုအိမ်နှင့် ခန့်မှန်းခြေ (၁၅) ပေမှ (၂၀) ပေအကွာတွင် ကျရောက်ပေါက်ကွဲသည့်အချိန်တွင် ထိုမိသားစုဝင်လေးဦးသည် ဗုံးခိုကျင်းထဲသို့ (လုံခြုံရေးအရ နေရာအတိအကျဖော်ပြ၍မရပါ) သွားနေစဉ်အတွင်း လက်နက်ကြီးစထိမှန်ပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အခြားမိသားစုဝင်နှစ်ဦးဖြစ်သည့် ဦးဒ---နှင့် မောင်တ---တို့သည် လက်နက်ကြီးပေါက်ကွဲနေစဉ်အတွင်း အိမ်ထဲတွင်ရှိနေဆဲဖြစ်ပြီး အပြင်သို့ သွားပုန်းရောင်မည့်အချိန်တွင် မောင်တ---အား လက်နက်ကြီးစထိမှန်ပြီး ၎င်း၏ခြေဖနောင့်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် ဒေါ်လ---နှင့်ဦး၀---တို့သည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ၎င်းတို့ကို ပဲခူးတိုင်းဒေသ၊ တောင်ငူမြို့နယ်တွင် တည်ရှိသော တောင်ငူဆေးရုံသို့ (SAC အုပ်ချုပ်သည့်နယ်မြေ) ပို့ဆောင်ပြီးနောက် ဆေးရုံတွင် သေဆုံးခဲ့သည်။ (၎င်းတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရွာသားအချို့က ဆေးရုံသို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။) (မန--- သည် လက်နက်ကြီးစထိမှန်ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။ ဦးဃ---သည် လက်နက်ကြီးစထိမှန်ပြီး ဒဏ်ရာရရှိ၍ တောင်ငူဆေးရုံသို့ ပို့ဆောင်သည့်အချိန်တွင် သေဆုံးသွားခဲ့သည်။)

လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်မဖြစ်ပွားမီတွင် ထိုဒေသအနီးတစ်ဝိုက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ပေ။ သို့သော်လည်း SAC သည် ကျေးရွာထဲသို့ လက်နက်ကြီးပစ်ခတ်ခဲ့သည်။ (နစ်နာသူမိသားစုနှင့်ဆွေမျိုးတော်စပ်သူတစ်ဦးဖြစ်သည့် ဦးသ---၏ပြောပြချက်အရ ဒေသအနီးတစ်ဝိုက်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်စခန်းတစ်လုံးတည်ရှိသည်။ သို့သော်လည်း လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်မဖြစ်ပွားမီ မည်သည့်တိုက်ပွဲမှဖြစ်ပွားခဲ့ခြင်းမရှိဟုဆိုသည်။)

သေဆုံးသွားသည့်ရွာသားလေးဦး၏အကြောင်းအရာကို အောက်ပါအတိုင်းဖော်ပြလိုပါသည်။

- ဦး၀--- (၇၉နှစ်) - လက်နက်ကြီးအစသည် သူ၏ညာဖက်မျက်လုံးကို ထိမှန်ပြီး ဦးခေါင်းအနောက်သို့ ဖောက်ထွက်သွားခဲ့သည်။ သူသည် ဆေးရုံသို့ရောက်ရှိသည့်အချိန်တွင် သေဆုံးသွားခဲ့သည်။

- ဦးဂ---၏သမီးဖြစ်သူ ဒေါ်လ--- (၅၄ နှစ်) - လက်နက်ကြီးအစသည် သူမ၏လည်ဂုတ်ကို ထိမှန်ပြီး လည်ချောင်းသို့ ဖောက်ထွက်သွားခဲ့သည်။ သူမသည် ဆေးရုံသို့ရောက်ရှိသည့်အချိန်တွင် သေဆုံးသွားခဲ့သည်။
- ဦးဂ---၏သားဖြစ်သူ ဦးဃ--- (၅၀ နှစ်) - လက်နက်ကြီးအစသည် သူ၏ညာဖက်ဝမ်းဗိုက်ကို ထိမှန်ပြီး ဘယ်ဖက်ရင်အုံသို့ ဖောက်ထွက်သွားခဲ့သည်။ အခြားလက်နက်ကြီးအစသည်လည်း သူ၏ညာဖက်ဒူးခေါင်းကို ထိမှန်ခဲ့သည်။ သူသည် ဆေးရုံသို့မရောက်မီတွင် သေဆုံးသွားခဲ့သည်။
- ဦးဂ---၏မြေးမတစ်ဦးဖြစ်ပြီး ဒေါ်လ---၏သမီးတစ်ဦးဖြစ်သော မန--- (၂၀ နှစ်) - လက်နက်ကြီးအစသုံးခုသည် သူမ၏ညာဖက်လက်ကိုထိမှန်ပြီး ညာဖက်တင်ပါးစုံမှ ဘယ်ဖက်တင်ပါးစုံသို့ ဖောက်ထွက်သွားခဲ့သည်။ သူမသည် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

ဦးဂ---၏ကျန်ရစ်သောမိသားစုမှာ ၎င်းသမီးဖြစ်သည့် ဒေါ်လ---၏အမျိုးသားဖြစ်သူ ဦးဒ--- (၅၀ နှစ်) နှင့် ဦးဂ---၏မြေးဖြစ်သူ မောင်တ--- (၁၅ နှစ်) တို့ဖြစ်ကြသည်။ မောင်တ---သည် လက်နက်ကြီးစထိမှန်ပြီး သူ၏ခြေဖနောင့်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ သို့သော်လည်း ပြင်းထန်သည့်ဒဏ်ရာမဟုတ်သည့်အတွက် သူ အသက်ရှင်ခဲ့သည်။

ဦးဒ---သည် လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်ကို ကြုံတွေ့ခဲ့ပြီးနောက်တွင် စိတ်မတည်မငြိမ်ဖြစ်မှုများရှိကြောင်း သိရှိရသည်။ ဦးဒ---သည် ဇနီးနှင့်သမီးသေဆုံးသွားရသည့်အပေါ် များစွာစိတ်ထိခိုက်မှုများခံစားနေရသည်။ လက်နက်ကြီးကြောင့် ဦးဒ---၏သားဖြစ်သူ မောင်တ---သည်လည်း ခြေဖနောင့်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ အသက်ရှင်ကျန်ရစ်သူသားအဖနှစ်ဦးသည် (ဦးဒ---နှင့် မောင်တ---) စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။ လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်မဖြစ်ပွားမီအချိန်ကာလ၌ ဦးဒ---သည် မတော်တဆဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ပြီး ခြေထောက်တစ်ဖက်တွင် ဒဏ်ရာရရှိကာ စတီးချောင်းထည့်၍ ဆေးကုသမှုခံယူခဲ့ရသည်။ ထိုသို့ဒဏ်ရာရရှိခဲ့ပြီး ကောင်းစွာမသွားလာနိုင်သည့်အတွက်ကြောင့် စားဝတ်နေရေးအတွက် ဦးဒ---သည် သူ၏မိသားစုကိုသာ မှီခိုခဲ့ရသည်။ ငွေကြေးအခက်အခဲကြောင့် ဦးဒ---သည် သူ၏ဒဏ်ရာကို ရိုးရာဘိန်းတောဆေးဖြင့် ဆက်လက်ကုသနေရပါသည်။ (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း လက်ခံရရှိသည့်သတင်းအရ) ဦးဒ---သည် ကောင်းစွာလမ်းလျှောက်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် သူသည် အလုပ်မလုပ်နိုင်သေးပေ။

KHRG ကွင်းဆင်းလုပ်သားမှ တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသားနှစ်ဦး၏ပြောပြချက်အရ လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဒေသခံရွာသားများသည် စိုးရိမ်ကြောက်ရွံ့မှုများနှင့်မလုံခြုံမှုများခံစားရပြီး နေထိုင်နေရပါသည်။

အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။

နစ်နာသူမိသားစုနှင့်ဆွေမျိုးတော်စပ်သည့် ဦးသ---သည် ဤသတင်းအကြောင်းအရာများကို အစီရင်ခံစာထဲတွင် ထည့်သွင်းရေးသား၍ ဖြန့်ဝေရန်အတွက် ခွင့်ပြုချက်ပေးထားပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။